**United Nations Development Programme**

# PRESS RELEASE

*Empowered lives.*
*Resilient nations.*

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှု တားဆီးကွယ်ရေးဆိုင်ရာ ပထမဦးဆုံး အလုပ်ရုံ ဆွေးနွေးပွဲ




**မကွေး၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်။** အဂတိလိုက်စားမှု အကြောင်းသိရှိရန်နှင့် အဂတိ လိုက်စားမှုကို တိုက်ဖျက်ရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူးပေါင်းကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပညာပေး အစီအစဉ်များကို စီစဉ်လျက် ရှိပါသည်။

အဂတိလိုက်စားမှု အကြောင်းသိရှိရန် ဗဟုသတများမျှဝေသည့် ပထမဦးဆုံး အလုပ်ရုံ ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ ၁၇ ရက်နေ့က စီစဉ်ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြပါသည်။

# PRESS RELEASE

Empowered lives.
Resilient nations.

အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းတွင် ပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍ အတူဆောင်ရွက်ကြမည်ဆိုသော သဘောတရားကို အခြေခံလျက် စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား အလတ်စား စီးပွားရေး လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်မှ ကိုယ်စားလှယ်များကဲ့သို့သော ပုဂ္ဂလိက ကဏ္ဍမှ ပါဝင်ပတ်သက်သူများသည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြပါသည်။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင့်ဝတ်သိက္ခာ အလုပ်ရုံဆွေးနွေးပွဲတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဆောင်ရွက်နေသော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ၊ ကောင်းမွန်သော ကော်ပိုရေးရှင်း ပုံရိပ်ရရသည့် စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်လာရန်၊ အဂတိလိုက်စားမှုအန္တရာယ်ဖြစ်နိုင်ချေရှိမှုတို့ကို ဆွေးနွေးခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုမှ အဖွင့်မိန့်ခွန်း ပြောကြားရာ၌ အဂတိလိုက်စားမှုသည် တရားဥပဒေစိုးမိုးရေးကို နှောင့်နှေးစေပြီး နိုင်ငံများ၏ဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်စေပါသည်၊ မကွေးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပူးပေါင်းပြီး ဒေသတွင်း ပထမဦးဆုံး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဌ ဦးအောင်ကြည်မှ မိန့်ခွန်း ပြောကြားရာ၌ အဂတိလိုက်စားမှု ကာကွယ် တားဆီးရေးတွင် ပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍ လက်တွဲလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ဆောင်ရွက်ခြင်းများ လိုအပ်ကြောင်း၊ နိုင်ငံတော်မှ ယခုအခါတွင် အဂတိလိုက်စားမှုကို တိုက်ဖျက်နေစဉ်တွင် မြန်မာ့အနာဂတ်မျိုးဆက်၏ အကျိုးအတွက် ပါဝင်နိုင်မည်လားဟု အစိုးရဌာနများနှင့် စီးပွားရေးလုပ်ငန်းများကို  မေးမြန်းလိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ဦးဆောင်မှု၊ မြန်မာနိုင်ငံကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ နည်းပညာဆိုင်ရာ ပံ့ပိုးမှုဖြင့် စီစဉ်ကျင်းပခဲ့ပါသည်။

**United Nations Development Programme**

# PRESS RELEASE

UNDP

*Empowered lives.*
*Resilient nations.*

**UNDP ၏ အချက်အလက်များ**

UNDP သည် နိုင်ငံပေါင်း ၁၇၀ ကျော်တွင် မြေပြင်လက်တွေ့ ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာအမြင်နှင့် ပြည်တွင်း အသိအမြင်များ စုစည်းကာ နည်းပညာ အကူအညီများ၊ မူဝါဒ အကြံပြုချက်များနှင့် ဖွံ့ဖြိုးမှု အထောက်အကူပြု လုပ်ငန်းများကို စီစဉ်ပံ့ပိုးပေးလျက်ရှိသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ အလွန်အမင်းဆင်းရဲမွဲတေမှု ပပျောက်သွားရန်၊ မညီမျှမှုများလျော့ကျသွားစေရန်နှင့် ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ အောင်မြင်ပြည့်မီရန် လုပ်ငန်းစဉ်များတွင် နိုင်ငံများသို့ ဝိုင်းဝန်း ကူညီ ထောက်ပံ့ပေးရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် UNDP သည် ၁၉၅၀ ပြည့်နှစ်များမှ စတင်ပြီး မြန်မာပြည်သူများသို့ ဖွံ့ဖြိုးရေး အကူအညီများ ပေးအပ်လျက်ရှိသည်။ ယနေ့ကာလတွင် UNDP မြန်မာသည် ရည်မှန်းချက် ကြီးမားသော ၂၀၃၀ လုပ်ငန်းစဉ် အောင်မြင်ရန် အကူအညီပေးခြင်းနှင့် SDGs များ အကောင်အထည်ဖေါ်ရာတွင် ကမ္ဘာအနှံ့ လက်တွေ့ လုပ်ဆောင်မှုကောင်းများနှင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများ သယ်ဆောင်လာခြင်းနှင့် မိတ်ဖက်များဖြင့်

နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ကုလသမဂ္ဂ၏ စနစ်ဖြစ်သော ၂၀၃၀ လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံတဝှမ်း ဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ဦးစားပေး အစီအစဉ်အလိုက် စုပေါင်းလျက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများသို့ ပေးအပ်နိုင်ရန် ထောက်ပံ့ ကူညီပေးလျက်ရှိသည်။

Facebook: www.facebook.com/UNDPMyanmar

Twitter: www.twitter.com/UNDP_Myanmar

Website: www.mm.undp.org